
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၄၃/၂၀၂၃ )


## (၂၂.၁၁.၂၀၂၃ မှ ၂၉.၁၁.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန်လျာထားဧက (၁၄.၉၈၇) သန်းအပေါ် ၃၁.၁၀.၂၀၂၃ ရက်နေ့ထိ ဧက (၁၄.၉၈) သန်း (၉၉%) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၃၀၁) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၈၂.၈၁) တင်း ဖြင့် အထွက် တင်း(၁၉၀.၅၃၇)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၅.၇၉ ဟက် တာသန်း **(ဧက ၄၀၉.၅၀ သန်း)**၊ အထွက် နှုန်းတစ်ဟက်တာ ၄.၆၆ မက်တန် **(၂၂၃.၂၆တင်း)**၊ စုစုပေါင်း အထွက်မက်တန် ၅၁၇.၈၀ သန်း **(စပါးတင်း ၂၄၈၀၇.၈၀ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုးသစ်) | ၁၅၉၄၀၀၀ | ↑ ၁၆၁၁၀၀၀ | မနောသုခ(မိုးသစ်) | ၆၃၀၀၀ | ↑ ၇၀၀၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၆၆၀၀၀ | ၁၇၆၆၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ၇၂၀၀၀ |
| | | | ဧည့်မထ(နွေ) | ၁၆၂၈၀၀၀ | ၁၆၂၈၀၀၀ | ဧည့်မထ(နွေ) | ၆၇၀၀၀ | ၆၇၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၁၆၈၃၀၀၀ | ↑ ၁၇၈၀၀၀၀ | | ၆၃၀၀၀ | ↑ ၆၅၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၄၈၀၀၀ | ၁၇၄၈၀၀၀ | ဧည့်မထ(မိုး) | ၇၄၀၀၀ | ၇၄၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၁၆၅၆၀၀၀ | ၁၆၅၆၀၀၀ | မနောသုခ(မိုးသစ်) | ၆၃၀၀၀ | ၆၃၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၄၈၀၀၀ | ၁၇၄၈၀၀၀ | ဧည့်မထ(မိုး) | ၇၃၀၀၀ | ၇၃၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၁၆၁၀၀၀၀ | ၁၆၁၀၀၀၀ | မနောသုခ(မိုးသစ်) | ၆၀၀၀၀ | ၆၀၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၅၀၀၀၀၀ | ၂၅၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၆၀၀၀ | ၉၆၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | | | ဧည့်မထ(မိုး) | ၈၆၀၀၀ | ၈၆၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၁၄၉၀၀၀၀ | ၁၄၉၀၀၀၀ | ဧည့်မထ(မိုးသစ်) | ၆၄၀၀၀ | ၆၄၀၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၄၀၀၀၀ | ↑ ၁၄၅၀၀၀ |
| | | | ရွှေဝါထွန်း(နွေ) | ၁၈၀၀၀၀၀ | ၁၈၀၀၀၀၀ | ရွှေဝါထွန်း(နွေ) | ၇၃၀၀၀ | ၇၃၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၇၉၀၀၀၀ | ၁၇၉၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၇၀၀၀၀ | ၇၀၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုး) | ၁၈၅၀၀၀၀ | ၁၈၅၀၀၀၀ | ဧယာ(မိုး) | ၇၃၀၀၀ | ↑ ၇၅၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်


ညှော့မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၆၀၀၀၀
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၆.၁၁.၂၃ | ၁၃.၁၁.၂၃ | ၂၀.၁၁.၂၃ | ၂၈.၁၁.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၉၈ | ၅၉၇ | ၅၉၇ | ↑ ၆၁၇ |
| | | White Rice ၅% | ၅၈၄ | ၅၈၃ | ၅၈၃ | ↑ ၆၀၂ |
| | | White Rice ၂၅% | ၅၅၈ | ၅၆၀ | ၅၆၀ | ↑ ၅၇၇ |
| | | Parboiled Rice ၁၀၀% | ၅၈၄ | ၅၈၃ | ၅၈၃ | ↑ ၆၀၂ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၅၇ | ၆၅၇ | ၆၅၇ | ↑ ၆၆၇ |
| | | White Rice ၂၅% | ၆၄၂ | ၆၄၇ | ၆၄၇ | ↑ ၆၅၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၆၇ | ၅၇၂ | ၅၇၂ | ↑ ၅၈၂ |
| | | White Rice ၂၅% | ၄၉၂ | ၄၉၂ | ၄၉၀ | ↑ ၅၀၀ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ |
| | | White Rice ၁၀% | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ |
| | | White Rice ၁၅% | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ |
| | | White Rice ၂၅% | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၈.၁၁.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၂.၃၅၆) သန်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၇.၄၂၀) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၁၇.၁၁.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၃၅၉၅၆၅)၊ တန်ဘိုး (၁၈၉.၄၁၆) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၇၃၄၄၀၈)၊ တန်ဘိုး (၂၇၄.၄၁၁) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၃၇၄၈၄၃)၊ တန်ဘိုး (၈၄.၉၉၅) USD သန်း လျော့ နည်းတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၅၅၅ USD ဖြစ်သော်လည်း Earning ဈေး ၂၅၂၄ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေး နှုန်းမှာ ၅၅၈ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိ ရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဝယ်လိုအားများလာသဖြင့် ယခုတစ်ပတ် ပို့ကုန်ဆန် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ရောင်းအားလျော့နည်းလာပြီး ဝယ်လိုအား များလာသဖြင့် ယခုတစ်ပတ် ဆန်ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်တွင် ရန်ကုန်(သန်လျင်)၊ ပုသိမ်၊ ရွှေဘိုနှင့် မော်လမြိုင်တို့တွင် စပါး၊ ဆန်လက်ကျန်နည်းလာခြင်း၊ စပါး သစ်များ ထွက်ရှိလာပြီဖြစ်သော်လည်း လှောင်လက်နှင့် စက်ပိုင်ကုန်သည်များ ဝယ်လိုအားများနေ ခြင်း၊ ဒေသတွင်းစားသုံးရန် ဝယ်ယူစုဆောင်းမှုများရှိနေခြင်းတို့ကြောင့် စပါး၊ ဆန်ဈေးနှုန်းများတက် ခဲ့ပါသည်။ ကျန်မြို့နယ်အချို့တွင် စပါး၊ ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ် ကြောင်း သိရှိရပါသည်။